
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 533 - 546)
စာစဉ် - ၃၉

# အပိုင်း ၅၃၃
# အိစီကလီလုပ်ခြင်း

အံ့ဖွယ်ကျောက်ရေသုံးပြီး ဒဏ်ရာကို သန့်ရှင်းလို့ရအောင် ကျူးကျွင်းယန်အား ဘယ်လို သိမ်းသွင်းရမလဲဆိုတာ စဥ်းစားရင်း ယွီရှောင်းချောင်းရဲ့ မိုးမခပင်လို မျက်ခုံးတို့ တွန့်ချိုးလာသည်။ ကျူးကျွင်းယန်က အပြုံးကို ချုပ်တည်းထားရင်း ရုပ်တည်ကြီးနဲ့ မေးလာသည်

"ဘာဖြစ်လို့လဲ ဒီမင်းသားပြောတာ အဓိပ္ပာယ်ရှိတယ်လို့ မထင်ဘူးလား။ ဘယ်လိုလဲ ကိုယ် မင်းရဲ့ဒဏ်ရာကို လျက်ပြီး တံတွေးနဲ့ ပိုးသတ်ပေးမယ်လေ..."

သူမရဲ့ သခင်မလေး တစ်ခုခုလိုရင် အသင့်ရှိနေအောင် ဆိုပြီး ဘေးမှာ ရပ်စောင့်နေတဲ့ ဂူထုန်တစ်ယောက် မျက်နှာ ရဲတွတ်နေလေပြီ! သူမ အနည်းငယ် တွန့်ဆုတ်နေမိသည်။ တော်ဝင်မင်းသားယန်သာ သခင်မလေးရဲ့ မျက်နှာကို တကယ် လျက်ဖို့လုပ်လိုက်ရင် သူမဘယ်လို တားရမလဲ ဘယ်လိုတားသင့်လဲ!!

"သွားစမ်းပါ! နှာဘူးကြီးကျနေရောပဲ! တံတွေးသုံးပြီးအနာကို လျက်ပေးမယ်တဲ့ ညစ်ပတ်လိုက်တာ"

ကျူးကျွင်းယန်ရဲ့ ပေါက်တတ်ကရ စကားကြီးကြောင့် ယွီရှောင်းချောင်း

ရယ်မိမလို ဖြစ်သွားရ၏။ ဒီကောင်ကတော့ ဘယ်လိုအသားယူရမလဲပဲ တွေးနေတော့တာပဲ။ အေးစက်ပြီး အဖက်မလုပ်တတ်တဲ့သူလို့ အရင်က ဘယ်လိုများ ထင်ခဲ့မိတာပါလိမ့်။ သိသိသာသာကို အရှက်မရှိတဲ့ လူညစ်ကြီး!

ကျူးကျွင်းယန်က ရယ်ချင်စိတ်ကို ထပ်မထိန်းနိုင်တော့ဘဲ သူမလက်ထဲမှ ရေအိတ်ကို လှမ်းယူလိုက်သည်။

"ဟုတ်ပါပြီ မစတော့ဘူးနော်! ဒီမင်းသားက မင်းဒဏ်ရာကို ကူသန့်ရှင်းပေးမယ်။ ဝူထုန် မင်းသခင်မလေးရဲ့ အလုပြင်ပစ္စည်းသေတ္တာရော ဘယ်မှာလဲ။ ဂွမ်းနည်းနည်းလောက် သွားယူလာခဲ့"

ယွီရှောင်ချောင်းက အလုပြင်လို့ရတဲ့ အရွယ်မရောက်သေးပေမယ့် အနီရောင် စန္ဒကူးသေတ္တာ လှလှလေးကိုတော့ ပြင်ဆင်ထားပြီးပြီပင်။ သေတ္တာထဲမှာက နေ့စဉ်အသုံးအဆောင်တွေ၊ အသားအရေထိန်းသိမ်းတဲ့ ပစ္စည်းတွေ၊ လက်ဝတ်ရတနာ သေးသေးလေးတွေ ပါရှိသည်။ ဝါဂွမ်းကတော့ သူမစိတ်ကူးရလို့ ထည့်ထားတာ ဖြစ်ပေမယ့် ပုံမှန်ဆို သိပ်မသုံးဖြစ်ပေ။ ဝါဂွမ်းနဲ့ ဒဏ်ရာကို သန့်ရှင်းပေးတာကလည်း အတော်လေး အဆင်ပြေသားပဲ။

ကျူးကျွင်းယန်က အံ့ဖွယ်ကျောက်ရေထဲ ဝါဂွမ်းနှစ်ပြီး ရှောင်ချောင်းမျက်နှာပေါ်မှ ဒဏ်ရာကို သေချာလေး သန့်ရှင်းပေးနေသည်။ သွေးခဲကပ်နေတာတွေ သန့်ရှင်းလိုက်တော့ ဒဏ်ရာက အတော်နက်နေတာကို တွေ့လိုက်ရသည်။ သူက ဒဏ်ရာကို လေဖွဖွလေး မှုတ်ပေးရင်း

"တော်တော်လေးနက်သွားတာပဲ။ အမာရွတ်ကျန်ခဲ့မလားမသိဘူး!"

"ကျွန်မ မျက်နှာမှာ အမာရွတ်ရှိနေရင် မကြိုက်တော့ဘူးလို့ ပြောချင်တာလား"

တစ်ဖက်မှာတော့ ယွီရှောင်ချောင်းက ဒဏ်ရာကို သိပ်အထူးတလည် စိုးရိမ်မနေပေ။ အံ့ဖွယ်ကျောက်ရေ ရှိနေတာပဲ။ အမာရွတ်ဆိုတာ အေးဆေး လေး ပျောက်သွားမှာ။ သူ့အမေတောင်မှ အရင်က မြက်တွေဖြတ်ခဲ့လို့ ရခဲ့ တဲ့ အမာရွတ်ဟောင်းတွေ အကုန်လုံးနီးပါး ပျောက်နေပြီ။ အခုမျက်နှာပေါ် က အမာရွတ်လေးကတော့ နှိုင်းယှဉ်စရာကိုမရှိဘူး။

ကျူးကျွင်းယန်က ကျောက်စိမ်းလိမ်းဆေးကို ကူလိမ်းပေးလိုက်ပြီး သူ့ လှုပ်ရှားမှုတိုင်းက မယုံနိုင်လောက်အောင် နူးညံ့နေသည်။ ရှောင်ချောင်း ပြောတာကို ကြားတော့ သူ့မျက်နှာ အမူအရာက တည်ကြည်သွားပြီး ချက်ချင်းပဲ ဆူလိုက်သည်

"မဟုတ်တာ! ဒီမင်းသားက အဲ့လိုမျိုး စိတ်ပြောင်းလဲလွယ်တဲ့သူမလို့လား ဟမ်"

"ပြောဖို့ခက်တယ်လေ! ယောကျ်ားတိုင်းက အသွင်အပြင်ကိုပဲ ကြည့်တတ် ကြတယ်တဲ့။ လှတဲ့သူ မြင်လိုက်တာနဲ့ အကြည့်မခွာနိုင်ကြတော့ဘူး! ကျွန်မ မျက်နှာမှာသာ ပြည်တွေ၊ သွေးတွေ တစိမ့်စိမ့်ထွက်နေတဲ့ ဝက်ခြံတွေ အပြည့်ရှိပြီး ဝက်ခေါင်းလို ဖူးရောင်နေရင် ရှင်က ကြိုက်ဦးမှာမလို့လား?"

ယွီရှောင်ချောင်းက သူဆေးလိမ်းပေးလို့ လွယ်အောင် မျက်နှာကို နာနာခံ ခံ မော့ထားရင်း မျက်ဆံလှန်ပြလိုက်သည်။

ကျူးကျွင်းယန်က ကြင်နာမှုအပြည့်နဲ့ စိုက်ကြည့်ရင်း ပြောလာသည်။

"ကိုယ် တခြားမိန်းကလေးတစ်ယောက်ကို အကြည့်မလွှဲနိုင်အောင် စိုက် ကြည့်နေတာမျိုး မင်းဘယ်တုန်းကများ မြင်ဖူးလို့လဲ။ ဒီမင်းသားကသာ မိန်းမပွေလီတတ်တဲ့သူဆိုရင် အခုလောက်ဆို အတွင်းခြံဝင်းတစ်ခုလုံး မိန်းမပျိုတွေနဲ့ ပြည့်နေလောက်ပြီ မဟုတ်လား။ မင်းလို အသက်မပြည့် သေးတဲ့ မိန်းကလေးတစ်ယောက်ကို မျက်စိကျသွားမှာတောင် မဟုတ်ဘူး"

"ရှင်ဘာကို ပြောချင်တာလဲ"

ယွီရှောင်ချောင်းက ဒေါသူပုန်ထလျက် ချက်ချင်း ပြန်ပက်လာသည်

"ကျွန်မက မလှဘူးလို့ ပြောချင်တာလား။ ဒီမှာ! ကျွန်မက အသားအရေလေးကလည်း နူးနူးညံ့ညံ့လေး၊ မျက်လုံးလေးကလည်း ဝိုင်းစက်လို့၊ မျက်တောင်လည်းက ရှည်ရှည်လေး၊ မျက်နှာပေါက်ကလည်း ဘဲဥပုံလေးနဲ့! ကြည့် ဘယ်နားကများ မလှလို့လဲ။ ဘယ်နားကများ ရှင့်အကြိုက်နဲ့ မကိုက်လို့လဲ"

ကျူးကျွင်းယန်က ရှောင်ချောင်းမျက်နှာကို လက်နှစ်ဖက်နဲ့ ကိုင်ထားရင်း အချိန်အကြာကြီး စိုက်ကြည့်လိုက်သည်။ ဓားတစ်ချောင်းလို ထက်လှတဲ့ မျက်ခုံးတို့က အတူတကွ စုကျုံ့နေပြီး အတည်ပေါက်ကြီး ပြောလာသည်

"အင်း...မျက်လုံးတစ်ခုလုံး ခြုံကြည့်လိုက်တော့လည်း... အတော်လေး ကြည့်ကောင်းသားပဲ... ပြောရရင် အရူးမလေးနဲ့ တူနေတုန်းပဲ!"

"ရှင်ကမှ အရူးမလေး! ပြန်ပြောလိုက်စမ်း! ပြန်ပြောရဲရင် ပြောကြည့်လိုက်စမ်းပါ!!"

ယွီရှောင်ချောင်းက သူ့ပြောတာကြားတော့ ဖားပြုတ်လေးတစ်ကောင်လို စူပုပ်သွားပြီး ပန်းထိုးဖိနပ် စီးထားတဲ့ ခြေထောက်နဲ့ ကျူးကျွင်းယန်ရဲ့ ဘွတ်ဖိနပ်စီးထားတဲ့ ခြေထောက်ကို သွားတက်နင်းလေရဲ့။ ဒါတောင် ဒေါသမပြေလို့ ခြေထောက်တစ်ဖက်နဲ့ ထပ်ခါထပ်ခါ တက်နင်းနေသေးသည်။

ကျူးကျွင်းယန်က ဆေးပုလင်းကို ဝူထုန်ဆီ ပေးလိုက်ပြီး ခြေထောက်ကို ခုန်ပေါက်လျက် တက်နင်းနေတဲ့ ကောင်မလေးအား သူ့လက်မောင်းကြားထဲ ဆွဲသွင်းလိုက်သည်။ သူရဲ့ နားဝင်ချိုလှတဲ့ ရယ်သံလေးက ထွက်ပေါ်လာ

ပြီး ပြောလာသည်

"ကိုယ့်အရူးမလေး မြန်မြန်အရွယ်ရောက်ပါတော့ မင်းအရွယ်ရောက်မှ ကိုယ်မင်းကို လက်ထပ်လို့ရမှာ။ အဲ့ဒါဆို မင်းရဲ့ ခေါင်းသေးသေးလေးထဲက နေ ပေါက်ကရအတွေးတွေ ထွက်မလာအောင် ရပ်တန့်ပြီးသား ဖြစ်သွား လိမ့်မယ်။ ဒီနေ့တော့ မင်းလေးက ဒီမင်းသား မျက်နှာများမှာ အတော် ကြောက်နေတယ်ဆိုတာ သိလိုက်ရပြီပဲ"

"ဘယ်သူက ရှင့်နဲ့လက်ထပ်ချင်လို့လဲ ဟွန့်——"

ယွီရှောင်ချောင်းက စိတ်ကြီးဝင်လျက် မျက်နှာဘေးသို့ လှည့်သွားပေမယ့် အရေပြားကတော့ အနီရောင် ပြောင်းနေပြီ။ အရင်ဘဝတုန်းက မိသားစုကို ထောက်ပံ့ဖို့ ငွေကုန်းရုန်းရှာနေခဲ့တာမို့ ချစ်ကြည်နူးဖို့တောင် အချိန်မရှိခဲ့ ပေ။ ဒါပေမယ့် ဒီကို ဝိညာဉ်ကူးပြောင်းလာပြီး ကူးပြောင်းခြင်း နတ်ဘုရား က ဒီလိုခံ့ညားပြီး သစ္စာရှိတဲ့သူကို တွေ့ဖို့ အခွင့်အရေးတစ်ခု ပေးလာခဲ့ သည်။ ဒီလို အခြေအနေမျိုးကို အတွေ့အကြုံမရှိတဲ့ သူမလို လူတစ်ယောက် အဖို့ နည်းနည်းတော့ ရှက်စရာကောင်းနေပြီး ဒီညို့ဓာတ်ပြင်းတဲ့ အမျိုးသား ကိုလည်း လုံးဝ မဆန့်ကျင်နိုင်ပြန်ဘူး။

ကျူးကျွင်းယန်က သူမကို ခေတ္တစိတ်အနားပေးဖို့ လုပ်လိုက်ပြီး စကားလွှဲ လိုက်သည်

"ကျားနဲ့ ဘယ်နေရာမှာ တွေ့ခဲ့တာလဲ။ တတ်နိုင်သလောက် အသေးစိတ် ပြန်ပြောပြ"

ယွီရှောင်ချောင်းက ဒီနေ့ကြုံတွေ့ရသမျှအားလုံး ပြန်ပြောပြလိုက်ပြီး သူမ ထင်မြင်ချက်ကိုပါ ထည့်ပြောလာသည်

"ကျွန်မတို့ အမဲလိုက်တဲ့နေရာက ကြမ်းတမ်းတဲ့သားရဲတွေ မရှိဘူးဆိုတာ

လူတိုင်းသိပြီးသား။ ပြောရရင် နည်းနည်း အန္တရာယ်ရှိတဲ့ တောဝက်တွေကို တောင် ဒီနေရာကို လာခွင့်ပေးမထားဘူး။ ဒါဆိုကျားက ဘယ်လိုလုပ် ရုတ်တရက်ကြီး ပေါ်လာတာလဲ။ လျို့ဝှက်ကြံစည်ထားတာသာဆိုရင် အိမ်ရှေ့မင်းသားလေးကို ပစ်မှတ်ထားတာပဲ ဖြစ်ရမယ်!"

ကျူးကျွင်းယန်က သူမခေါင်းကို ခပ်ဖွဖွခေါက်ပြီး ပြုံးပြလာသည်။

"အိုး! ကြည့်ရတာ မင်းရဲ့ဦးနှောက်လေး ဖွံ့ဖြိုးလာပြီပဲ! မင်းပြောသွားတာ အဓိပ္ပာယ်ရှိတယ်။ ဒီအခြေအနေက လုံးဝ မရိုးရှင်းလို့ အပြင်လူတွေ ပါဝင် ပတ်သတ်မှု ရှိမရှိဆိုတာ ပြောလို့မရဘူး။ ဒါပေမယ့် မင်းစိုးရိမ်နေစရာ မလို ပါဘူး။ ဧကရာဇ်လည်း သံသယဝင်နေမှာ အသေချာပဲ။ တစ်ခုခု သွားစား ချည်ဦး။ ခဏနေရင် အမဲလိုက်သွားတဲ့သူတွေ ပြန်ရောက်လာကြတော့မှာ။ ဒီနေ့ရလဒ်ကို သိချင်တယ် မဟုတ်ဘူးလား"

ယွီရှောင်ချောင်းက စိတ်မဝင်စားတဲ့လေသံနဲ့ မှတ်ချက်ပြုလာသည်

"ရှင်ဒီနေ့ ပြိုင်ပွဲမှာ ဝင်တောင်မပြိုင်တာကို ဘယ်သူပထမရရ စိတ်မ ဝင်စားပါဘူး။ ဒီတော့ ကျွန်မသွားသွား မသွားသွား ကိစ္စမရှိပါဘူး"

"ရှောင်ချောင်းက ဒီမင်းသားကို ပထမနေရာရစေချင်တယ်ပေါ့လေ။ ကောင်းပြီ မနက်ဖြန်ကျရင် ဧကရာဇ်ကို တစ်ရက်ခွင့်တောင်းပြီး မင်း အတွက် ကျားသားရေတစ်ခု ရအောင် ယူပေးမယ်! ကိုယ်ရတဲ့ သားရေက ဧကရာဇ်ယူသွားတဲ့ တစ်ခုထက် ပိုကောင်းစေရမယ်ဆိုတာ အာမခံတယ်!"

ကောင်မလေးကို အမြဲတမ်း သေချာစောင့်ကြည့်နေတဲ့ ကျူးကျွင်းယန် အဖို့ ကျားသားရေ အယူခံလိုက်ရတာနဲ့ ကောင်မလေးမျက်လုံးထဲမှာ ဖြတ် ပြေးသွားတဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေမှုတို့ကို သေချာပေါက် သတိထားမိ လိုက်သည်။

ယှိုရောင်ချောင်းက ချက်ချင်း တက်ကြွသွားပြီး တောက်ပတဲ့ အပြုံးတစ်ပွင့်က မျက်နှာထက်မှာ ပွင့်လန်းလာသည်

"ကောင်းတယ် ကောင်းတယ်! ရှင့်ရဲ့ မြှားပစ်တဲ့အရည်အချင်းနဲ့ဆို ကျားတစ်ကောင် သတ်တာလောက်ကတော့ ကိတ်ခွဲသလောက်ပဲ ရှိမှာ။ ဒါပေမယ့်... အဲ့ဒီအမဲလိုက်နယ်မြေမှာ နောက်ထပ်ကျားတစ်ကောင် ထပ်ရှိဦးမယ်လို့ ရှင်ထင်လား"

ကျူးကျွင်းယန်က သူမနှာခေါင်းလေးကို တို့ပြီး အသာ ရယ်လိုက်သည်

"စိတ်မပူနဲ့! အဲ့ဒီနေရာမှာ မရှိရင် တောနက်ထဲထိ ဝင်ရှာပေးမှာပေါ့! ကိုယ်ကတိမတည်ဘူးတာ ဘယ်တုန်းကများ ရှိလို့လဲ။ သွားကြစို့ သူများတွေ ဘာကောင်တွေဖမ်းလာကြလဲ သွားကြည့်ကြမယ်!"

ညနေ့ခင်း အနောက်တောင်ခြေထဲ နေဝင်မသွားခင်အချိန်၌ အမဲလိုက်သွားတဲ့ လူတွေအားလုံး ပြန်ရောက်လာကြသည်။ အမဲလိုက်နယ်မြေထဲမှာ တောကောင်တွေ ပေါများတာမို့ လူတိုင်း အနည်းနဲ့အများတော့ ဖမ်းမိလာကြသည်။ မြှားအတတ်အခြေခံလောက်ပဲရတဲ့ သခင်မလေး ဟယ်ဝမ်နင်တောင် တစ်ချို့တလေ ဖမ်းမိလာခဲ့သည်။

ဟယ်ဝမ်နင်က ရောင်စုံရစ်ငှက်တစ်ကောင်နဲ့ တောယုန် ဝဝဖီးဖီးကြီးတစ်ကောင်ကို ကိုင်ရင်း လျှောက်လာသည်။ သူမ မျက်နှာအမူအရာကို ကြည့်ရုံနှင့် ရလဒ်ကို တအားကျေနပ်နေမှန်း သိသာသည်။ တော်ဝင်မင်းသမီးမင်လန်လည်း ရလဒ်ကောင်းရခဲ့ပြီး ဒရယ်ဝဝကြီးတစ်ကောင်တောင် ဖမ်းလိုက်နိုင်သည်။ စစ်ဘက်မိသားစုမှ သခင်မလေးတွေလည်း အမဲလိုက်ပွဲမှာ ပါဝင်ခဲ့ကြသည်။ သူတို့တွေက အမဲလိုက်ဝတ်စုံအပြည့် ဝတ်ဆင်ထားလျက် တောကောင်တွေကို သူတို့ရဲ့ မြင်းမှာ ချိတ်ဆွဲထားကြကာ ဂုဏ်ယူတဲ့ အမူအရာတွေနဲ့ ရောက်ရှိလာကြသည်။

ကိုယ်ခံပညာကျွမ်းကျင်ပြီး မြှားပစ်တတ်တဲ့ အမျိုးသားတွေအဖို့တော့ ဒီကနေ့ အချိုကြီး မိလာခဲ့ကြသည်။ သို့သော်လည်း မမျှော်လင့်ထားလောက်အောင် ကောင်းကောင်း စွမ်းဆောင်နိုင်ခဲ့တဲ့သူကတော့ မြို့စားရှန်ကောအိမ်တော်ရဲ့ တတိယသခင်လေး ဆန်ကုန်မြေလေးကောင်ပင်။ သူယူလာတဲ့ တောကောင်ပမာဏက တခြားသူတွေထက် များပြီးတော့ဝက်ကြီးတစ်ကောင်တောင် သယ်လာသေးသည်။ ရေတွက်နေစရာတောင်မလိုပါပဲ သူက ဒီနေ့ရဲ့ပထမနေရာဖြစ်ကြောင်း သိနိုင်သည်။

"ဂုဏ်ယူပါတယ် ညီအစ်ကိုနင်း!"

ဒုတိယရတဲ့လုဟောင်က ရည်မွန်စွာ လက်နှစ်ဖက်ကိုဆုပ်ရင်း ဂုဏ်ပြုလာသည်။

နင်းသုန်ဟွမ်းက ဖျစ်ညှစ်ပြုံးရင်း

"ညီအကိုလု ငါ့သူငယ်ချင်းလုပ်နေပြီးတော့ ငါ့ကိုယ်ပိုင်အားထုတ်မှုကနေ ဘယ်လောက်ရလာမလဲဆိုတာ မသိဘူးလား။ ဒီထဲက တစ်ဝက်ကျော်က ငါ သတ်ခဲ့တာမဟုတ်ဘူးကွ!"

တောကောင်အများစုက လည်ပင်းကိုက်ပြီး အသတ်ခံထားရတယ်ဆိုတာ လုဟောင်လည်း သတိထားမိတာမို့ နင်းသုန်ဟွမ်းနောက်က သူရဲ့ကောင်းနှစ်ကောင်ကို လှမ်းကြည့်ရင်း ပြောလာသည်

"အမဲလိုက်ခွေးတွေ ဖမ်းမိတဲ့ တောကောင်တွေကိုလည်း သခင့်ရဲ့ အကောင်ပမာဏထဲမှာ ထည့်ရေမှာပဲလေ။ ညီအစ်ကိုနင်းက ပထမနေရာနဲ့ ထိုက်တန်ပါတယ်"

နင်းသုန်ဟွမ်းက ကသုတ်ကရက် လက်ယမ်းပြလာသည်။

"ငါ့ခွေးတွေက တောဝက်ရိုင်းကို လွယ်လွယ်ကူကူ သတ်နိုင်ရလောက်

အောင်ထိ အရည်အချင်း မရှိသေးပါဘူးကွာ။ အကောင်တွေပေါ်က ဒဏ်ရာကို သေချာကြည့်ကြည့် တစ်ခုခုကို သတိမရမိဘူးလား"

လုဟောင်ကလည်း ယွီရှောင်ချောင်းစီစဉ်ခဲ့ဖူးတဲ့ အပန်းဖြေခရီးကို လိုက်ဖူးတာမို့ သူမ ဝံပုလွေနှစ်ကောင်ရဲ့ အမဲလိုက်ပုံလိုက်နည်းကို ရင်းနှီးနေသည်။ ဒီနေရာက တောကောင်အများစုက ခန္ဓာကိုယ်မှာ ဘာဒဏ်ရာမှမရှိဘဲ လည်ပင်းကိုက်ဖြဲခံရပြီး အသတ်ခံထားရတာ မြင်တော့ ဘာတွေဖြစ်ခဲ့တာလဲဆိုတာ သဘောပေါက်သွားသည်။

သူက ပဟေဋ္ဌိဖြစ်စွာနဲ့ ပြောလာသည်

"မဲလုံးလေးနဲ့ဖြူလုံးလေးက သူတို့သားကောင်တွေဆို လုံးဝအထိမခံဘူးမလား။ ဘယ်လိုလုပ် မင်းကို ယူခွင့်ပေးလိုက်တာလဲ"

အရင်တစ်ခေါက်တုန်းက ဝံပုလွေနှစ်ကောင်ဖမ်းမိထားတဲ့ အကောင်ကို နင်းသုန့်ဟွမ်း ငမ်းငမ်းတက် ဖြစ်နေတဲ့အချိန်ကိုတောင် လုဟောင်အမှတ်ရမိသွားသည်။ အဲ့တုန်းက သခင်လေးနင်းတစ်ယောက် ဝံပုလွေနှစ်ကောင် ပညာပေးတာခံလိုက်ရပြီး ကိုယ်တီးလုံးဖြစ်သွားသေးသည်။ အဲဒီနင်းဆိုတဲ့ကောင် ဝံပုလွေတွေနဲ့ ဘယ်တုန်းကများ အဲ့လောက်ထိ ရင်းနှီးသွားတာလဲ။

"ဟူး...မေးမနေပါနဲ့တော့!!"

နင်းသုန်ဟွမ်းက ကြိတ်မှိတ်သည်းခံနေတဲ့ အမူအရာနဲ့ ပြန်ပြောလာသည်။

နင်းသုန်ဟွမ်းက သူ့ခွေးနှစ်ကောင်ရယ်၊ အစေခံနှစ်ယောက်ရယ်နဲ့ အမဲလိုက်နယ်မြေဆီ ရောက်လာခဲ့တာ ဖြစ်၏။ အမဲလိုက်ဖို့ စကြတော့ သူက လုံခြုံတဲ့နေရာကို ရွေးလိုက်သည်။ သူကိုယ်တိုင်လည်း အမဲလိုက်တဲ့အပြင်

သူ့ခွေးနှစ်ကောင်ကိုပါ အမဲကောင်းကောင်း လိုက်နိုင်ဖို့ လေ့ကျင့်ပေးခဲ့သည်။ သူတို့ ဟိုနားဒီနား အမဲလိုက်နေတုန်းမှာပဲ သူ့ခွေးနှစ်ကောင်က ရုတ်တရက်ကြီး အမြီးတွေကုတ်ပြီး ကြောက်ရွံ့လာကြသည်။

နင်းသုန်ဟွမ်းထင်လိုက်တာက အန္တရာယ်ရှိတဲ့ တောကောင်တစ်ကောင် ရောက်လာလို့ ဆိုပြီးပင်။ သူ့အရည်အချင်းနဲ့ဆို အလယ်အလတ် အရွယ်အစားအကောင်လောက်တော့ အသာလေး ဖြိုချနိုင်သည်။ သို့ပေမယ့် ကျားလို ကြမ်းကြုတ်တဲ့အကောင်တွေနဲ့ တွေ့ရင်တော့ ထွက်ပြေးဖို့ပဲရှိသည်။ သူလည်း သူ့အနေအထားသူ တတ်နိုင်သလောက်တော့ သိသည်။ သူက ဘေးပတ်လည်ကိုကြည့်ရင်း နှလုံးခုန်နှုန်း မြန်လာသည်။

ထိုအချိန်မှာပဲ ရင်းနှီးနေတဲ့ မဲလုံးလေးရဲ့အူသံကို သိပ်မဝေးတဲ့နေရာက နေ ကြားလိုက်ရသည်။ နင်းသုန်ဟွမ်းက အချိန်တော်တော်ကြာအောင် ထို ဝံပုလွေနှစ်ကောင်ကို သွားရည်ကျနေတာမို့ အူသံကို သေချာပေါက် မှတ်မိနေသည်။ အော်သံကို နားထောင်ရတာ ပြိုင်ဘက်ကြီးကြီးမားမားနဲ့ ရင်ဆိုင်နေပုံရတာမို့ ထိုညီအစ်ကိုနှစ်ကောင်ဆီက မျက်နှာသာရအောင် သွားကူညီသင့်တယ်ဆိုပြီး တွေးလိုက်မိသည်။ အဲ့လိုသာဆိုရင် သူတို့ ကလေးတွေ ပေါက်လာရင် တစ်ကောင်လောက်ရချင်ရမှာ။

အဲ့ဒါကြောင့် သူလည်း သတ္တိမွေးပြီး အူသံလာရာဆီ လျှောက်သွားလိုက်သည်။ သူရောက်သွားတော့ မဲလုံးလေးက တောဝက်ကြီးကို အလွယ်တကူဖြင့် ကိုက်သတ်ပြီးသွားလေပြီ။ တောဝက်ရိုင်းက အရေထူပေမယ့် မဲလုံး လေးအတွက်တော့ တစ်ချက်ပဲ ကိုက်ဖို့လိုသည်။ ဤသည်ကို ကြည့်ပြီး မဲလုံးလေးရဲ့သွားတွေ ဘယ်လောက်တောင် ထက်မြက်နေသလဲဆိုတာ မြင်နိုင်သည်။ နင်းသုန်ဟွမ်းတစ်ယောက် မျက်စိလုံးကြီးတွေ ပြူတ်ကျတော့ မတတ်ကြည့်နေပြီး ချက်ချင်းမဲလုံးလေးကို အိမ်ခေါ်သွားနိုင်ဖို့သာ

ဆုတောင်းနေမိတော့သည်။ ကံဆိုးတာက တောဝက်တောင် မဲလုံးလေးကို မတိုက်နိုင်တာ သူက ဘာသွားလုပ်ရဲဦးမှာလဲ။

သူတို့အနားရောက်လာကို မဲလုံးလေးက သတိထားမိသွားသည်။ နဂိုကတည်းက မဲလုံးလေးရဲ့ မျက်လုံးထဲမှာ နင်းသုန်ဟွမ်းက ရာဇဝတ်မှုမှတ်တမ်းနဲ့ ရှိနေပြီးသားမို့ မဲလုံးလေးက တောဝက်သေကောင်ရှေ့မှာ ပိတ်ရပ်ပြီး အစွယ်ဖြဲပြကာ သတိပေးလာတော့သည်။

"နားလည်မှုမလွဲပါနဲ့!"

မိန်းကလေးယွီက မဲလုံးလေးနဲ့ဖြူလုံးလေးတို့ကို မယုံနိုင်လောက်အောင် ဉာဏ်ကောင်းတဲ့အထိ ပြုစုပျိုးထောင်ထားတာမို့ လူတွေပြောသမျှ တော်တော်များများ နားလည်ကြောင်းကို နင်းသုန်ဟွမ်း သိထားသည်။ အဲ့ဒါကြောင့်ပဲ သူက ကပ်ဖားရပ်ဖားအပြုံးကြီးနဲ့ ပြောလာသည်။

"မင်းဆီက အကောင်ကို ခိုးဖို့လာတာ မဟုတ်ဘူးနော်...ဒီတောဝက်ရိုင်းကြီးက တော်တော်လေးတဲ့ပုံပဲ။ မင်းအတွက် ပြန်သယ်သွားဖို့ ခက်မှာပေါ့။ ငါ့မှာ လူတွေအများကြီးရှိတယ်လေ ငါတို့ မင်းကို ကူညီပြီး သယ်ပေးမယ် ဆိုရင်ရော"

မဲလုံးလေးက'ကူညီ'ဆိုတဲ့စကားလုံးကို နားလည်ပေမယ့် နင်းသုန်ဟွမ်းကိုတော့ မယုံကြည်တဲ့ အကြည့်နဲ့ ကြည့်နေဆဲပင်။ နင်းသုန်ဟွမ်းက ချက်ချင်းပဲ လက်တစ်ဖက်မြှောက်ပြီး သူတို့တောကောင်ကို ခိုးဖို့လုပ်နေတာ မဟုတ်တဲ့အကြောင်း ကျိန်ဆိုပြလာရင်း ရိုးသားတဲ့မျက်နှာလေးနဲ့ ဝံပုလွေကို သိမ်းသွင်းစည်းရုံးဖို့ တတ်နိုင်သမျှ ကြိုးစားနေလေသည်။

***